
Translator-Min Hein Htet
တစ်ကောင်ကြွက်
အခန်း-၂၁

## တစ်ကောင်ကြွက် စာစဉ် ၂၁
## အပိုင်း ( ၂၀၁ )
*

"အီဟန်၊ ရှင် အခု ဘာလုပ်နေတာလဲ"

လီအယ်ရာက ကြင်နာစွာ မေးလိုက်သည်။ ယူး အီဟန်သည် ရေစည်ပိုင်းကြီး ထဲသို့ စေးကပ်နေသော အနက်ရောင် အရည်များကို လောင်းထည့်ရင်း တက်ကြွသော အသံဖြင့် ပြန်ဖြေလိုက်သည်။

"ငါ့ရေချိုးကန်ကို ရေဖြည့်နေတာ"

"အခုနောက်ပိုင်း ရှင်က ရေချိုးဖို့အတွက်

ရေစည်ပိုင်းကြီး ကို သုံးနေတာ ငါ သိပါတယ်၊ အဲဒါက တကယ်လည်း နေလို့ကောင်းပြီး အတွင်းပိုင်း မာနာတွေကို လှုံ့ဆော်ပေးသလို ခံစားရတယ်ဆိုတာလည်း..."

"ဒါဆို နင် သိသားပဲ"

ယူးအီဟန်သည် မျက်စိကျိန်းလောက်အောင် တောက်ပသော အပြုံးတစ်ခုကို ပြုံးပြလိုက်သည်။ မိမိနှင့် ကြိုက်နှစ်သက်သည့်အရာ တူညီသူတစ်ဦးကို တွေ့ဆုံရခြင်းမှာ ပျော်ရွှင်စရာကောင်းသော ကိစ္စဖြစ်သည်။ ယူးအီဟန်သည်လည်း ချွင်းချက်မဟုတ်ဘဲ သူ ပျော်ရွှင်သွားသည်။ လီအယ်ရာကို ကောင်းမွန်သော ရေချိုးခြင်းမျိုး ပေးစွမ်းနိုင်မည်ဖြစ်၍လည်း သူ ဝမ်းသာနေသည်။ သေချာသည်မှာ သူမက

အဝတ်အစား လုံးဝမပါဘဲ အတူတူ ဝင်ချိုးခြင်းကိုတော့ သူ ရှောင်ကြဉ်စေချင်သည်။

"ဟီး..."

ယူးအီဟန်၏ အပြုံးသည် သူ့ကို သဘောကျနေသော လီအယ်ရာအတွက်တော့ ရင်ခုန်သံကို မြန်ဆန်သွားစေသည့် တိုက်ခိုက်မှုတစ်ခု ဖြစ်သည်။ လီအယ်ရာသည် သူမပြောမည့်စကားကို တစ်ခဏမျှ မေ့သွားပြီး သူ့ကိုသာ စိုက်ကြည့်နေမိကာ၊ သတိပြန်ဝင်လာပြီးနောက် အသံကို မြှင့်လိုက်သည်။

"ဒါ... ဒါပေမဲ့ ရေချိုးကန်ထဲကို အဲဒီ သွေးနှာရှူးနတ်ဆိုးရဲ့ သွေးတွေ ဘာလို့ လောင်းထည့်နေတာလဲ"

"တိတိကျကျ ပြောရရင်၊ နဂါးသွေးနဲ့ ၃:၇

အချိုးအစား ရောစပ်ထားပြီး စတုတ္ထအဆင့် မော်ကျောက်တုံး အမှုန့်တွေနဲ့ ရိုးရှင်းတဲ့ မော်အင်ဂျင်နီယာပညာရပ်ကို လုပ်ဆောင်ထားတာ"

"အတူတူပဲလေ၊ နေဦး... ရှင် ဘယ်အချိန်က သွေးပေါ်မှာ မော်အင်ဂျင်နီယာပညာ သုံးဖို့ သင်ယူခဲ့တာလဲ၊ အဆိပ်နဲ့ ကျိန်စာတွေက ပို ပြင်းထန်လာမှာပေါ့"

ယူးအီဟာန် သက်ပြင်းချလိုက်ပြီး ပြန်ဖြေလိုက်သည်။

"အဲဒါက ငါ လိုချင်တဲ့အရာပဲ"

"ဒီအတိုင်းဆို ရှင် တကယ် အန္တရာယ်ရှိနိုင်တယ်နော်..."

"ဒါပေမဲ့ တတ်နိုင်ဘူးလေ၊ အဆိပ်ပြင်းပြီး ကျိန်စာပြင်းတဲ့ သတ္တဝါဆိုးတွေမှ မကျန်တော့

တာ"

"ဒါကြောင့် 'တတ်နိုင်ဘူး' ဆိုပြီး အဆိပ်နဲ့ ကျိန်စာတွေထဲမှာ ရေချိုးမလို့လား၊ ရှင် ရူးနေလား"

"အဆင်ပြေပါတယ်၊ ငါ တွက်ချက်ပြီးပြီပဲ"

ရေစည်ပိုင်းကြီး သည် နဂါးနှင့်ပတ်သက်သော ပစ္စည်းများကို အလွန်အကဲဆတ်စွာ တုံ့ပြန်တတ်သည်။ ထို့ကြောင့် သူက နဂါးသွေးကို တုန်ခါမှုနတ်ဆိုး၏ သွေးနှင့် ရောစပ်ခဲ့ခြင်းဖြစ်သည်။ အမှန်တကယ်လည်း သွေးနှင့် ရေစည်ပိုင်းကြီး သည် ပွဲတင်ထပ်နေသဖြင့်၊ ဤအတိုင်းဆိုလျှင် အဆိပ်များသည် တစ်ချိန်ချိန်တွင် ပျောက်ကွယ်သွားပြီး လုံး၀ အသစ်စက်စက် ပစ္စည်းတစ်ခုအဖြစ် မွေးဖွားလာမည်ဖြစ်သည်။

သူ မော်အင်ဂျင်နီယာပညာရပ်ကို အသုံးပြုခဲ့ရခြင်းမှာလည်း အဆိပ်နှင့် ကျိန်စာများ မပျောက်ကွယ်သွားဘဲ ပိုမိုကြာရှည်ခံစေရန်ဖြစ်သည်။ မော်အင်ဂျင်နီယာပညာရပ် ဗဟုသုတ အများစုကို စုပ်ယူထားသော သူ့အတွက် ဤသွေးရေချိုးခြင်းမှာ သူ၏ တိကျသော တွက်ချက်မှုများအောက်တွင် ပြီးစီးသွားခဲ့ခြင်းဖြစ်သည်။

ပြဿနာတစ်စုံတစ်ရာ ရှိမည်မဟုတ်ကြောင်း ယူးအီဟာန် သေချာယုံကြည်သည်။ ရှိခဲ့လျှင်ပင် ကျိန်စာနှင့် အဆိပ်ကြောင့် ဖြစ်ပေါ်လာသော နာကျင်မှုသာ ဖြစ်မည်ဖြစ်ပြီး၊ ဤသည်မှာ စွမ်းရည်များကို လေ့ကျင့်ရန်အတွက် သူ သည်းခံရမည့်အရာဖြစ်ရာ ကိစ္စမရှိပေ။

"ရှင့်အရေပြား အစိမ်းရောင်တွေ ဘာတွေ

ပြောင်းသွားနိုင်တယ်နော်..."

"နင့်ရဲ့ စိုးရိမ်မှုတွေ လုံလောက်ပြီ"

ယူးအီဟန်သည် လီအယ်ရာ၏ စိုးရိမ်မှုများကို လျစ်လျူရှုကာ သူ၏ အဝတ်အစားများ အားလုံးကို ချွတ်ချလိုက်သည်။ ဤတစ်ကြိမ်တွင်တော့ လီအယ်ရာသည် အတူတူရေချိုးမည်ဟု ဘာမှမပြောဘဲ သူ့ကို စောင့်ကြည့်နေရုံသာ စောင့်ကြည့်နေသည်။

"ကောင်းပြီ"

ရေမချိုးမီတွင် ရဲတိုက်၏ ကာကွယ်ရေးစနစ်ကို သူ စစ်ဆေးခဲ့ပြီး အဆင့်မြင့်မြတ်သူတစ်ပါး တိုက်ခိုက်လာလျှင်ပင် တောင့်ခံနိုင်ရန် ဆက်တင်များကို အသစ်ပြန်လည် သတ်မှတ်ခဲ့သည်။ ထို့နောက် သွေးရေချိုးကန်ထဲသို့ မဆိုင်းမတွ ဝင်

ရောက်သွားလေသည်။

"ဝိုး"

"အဆင်ပြေရဲ့လား၊ အဆင်ပြေရဲ့လား"

သူ ဝင်သွားစဉ် ရေရှုတ်လိုက်သည်နှင့် တစ်ပြိုင်နက် လီအယ်ရာက မေးလိုက်သည်။ ယူးအီဟန်သည် စကားမပြောဘဲ ခေါင်းခါပြလိုက်ပြီး သူ၏ ခန္ဓာကိုယ်ကို ရေအောက်သို့ နစ်မြုပ်လိုက်သည်။

"ဟူး... ဟူးးး"

"တကယ် အဆင်ပြေရဲ့လား၊ တကယ်လား"

ယူးအီဟန်က သူ၏ ထင်မြင်ချက်ကို ရိုးသားစွာ ပြောပြလိုက်သည်။

"ငါ အရည်ပျော်နေသလို ခံစားရတယ်"

"ခံစားရရုံတင်မဟုတ်ဘဲ တကယ် အရည်ပျော်

နေတာလား၊ ဒါဆို ရှင် အဆင်မပြေဘူးပေါ့"

"ထူးကဲသောပြန်လည်ကုစားခြင်း ကို ငါ ဆက်လေ့ကျင့်ဖို့ လိုမယ်မထင်တော့ဘူး"

"ဒါ လုံးဝ အလေးအနက်ထားရမယ့် ကိစ္စပဲ၊ အခုချက်ချင်း အပြင်ထွက်ခဲ့"

သို့သော် ယူးအီဟာန်သည် သူ့ကို ဆွဲထုတ်နေသော လီအယ်ရာကို ဖယ်ရှားလိုက်ပြီး ရေစည်ပိုင်းထဲသို့ ပို၍ နက်ရှိုင်းစွာ မြုပ်ဝင်သွားသည်။ ပြင်းထန်သော ထိခိုက်ဒဏ်ရာများ ရရှိခြင်းသည် မြင့်မားသောကျိန်စာခုခံမှု နှင့် ပြင်းထန်သော အဆိပ်ခုခံမှု တို့ကို မြှင့်တင်ရန်အတွက် သင့်လျော်သော ပတ်ဝန်းကျင်တစ်ခုလည်း ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

တကယ်တမ်းတွင်လည်း ယူးအီဟာန် ရေချိုး

ကန်ထဲသို့ ဝင်ရောက်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုစွမ်းရည်နှစ်ခုမှာ လုံ့ဆော်ခံလိုက်ရပြီး အလွန်နှေးကွေးသော်လည်း သေချာစွာဖြင့် ပိုမိုမြင့်မားသော အတိုင်းအတာတစ်ခုသို့ ကြီးထွားလာနေသည်ကို သူ ခံစားသိရှိနိုင်သည်။ သေချာသည်မှာ ထိုအရာက စွမ်းရည်အဆင့်ကို ချက်ချင်း တက်သွားစေမည်မဟုတ်သော်လည်း၊ ဤရေချိုးကန်ထဲတွင် ထိုစွမ်းရည်နှစ်ခုကို အမြင့်ဆုံးအဆင့်ရောက်အောင် ကျွမ်းကျင်နိုင်မည်ဟု သူ ခန့်မှန်းထားသည်။

"ပြီးတော့ ထူးကဲသောပြန်လည်ကုစားခြင်းလည်း ကြီးထွားလာတယ်လေ"

"အူး... နာမယ်ထင်တယ်"

အရည်များသည် ရေစည်ပိုင်းကြီး နှင့်

ပွဲတင်ထပ်ကာ ကိုယ်တိုင်တောက်ပလာပြီး ယူး အီဟာန်ကို တိုက်ခိုက်လေသည်။ ၎င်းကို တုံ့ပြန် သော ယူးအီဟာန်၏ ခန္ဓာကိုယ်ထဲရှိ နဂါးသွေး များကြောင့်၊ သူ၏ ခန္ဓာကိုယ်သည် အဆိပ်များ အားလုံးကို ကြီးမားသော ခုခံမှုမရှိဘဲ စုပ်ယူ လိုက်ပြီး အကျိုးသက်ရောက်မှုများကို ချေထွင် လိုက်သည်။

သို့သော် နာကျင်မှုနှင့် လှုံ့ဆော်မှုများအားလုံးကို လျစ်လျူရှုကာ ထူးကဲသောပြန်လည်ကုစားခြင်း ဖြင့် ဒဏ်ရာများအားလုံးကို သူ ပြန်လည်ကုစား ခဲ့သည်။ သူ၏ သဘာဝအလျောက် ထွက်ပေါ်လာ သော အနားယူစွမ်းအင်များမှာ မလုံလောက် သဖြင့်၊ အချိန်အတန်ကြာသည်အထိ အသက်ရှူ စွမ်းအင် ပါဝင်သော အားဖြည့်ရေအိတ်ကို သူ

ပါးစပ်ဖြင့် ကိုက်ထားရသည်။

"ရေချိုးနေတုန်း ဝိုင်သောက်တာ အကောင်းဆုံးပဲ"

"ရေချိုးနေတုန်း သွေးဆေးရည် မသောက်ဘဲ အသက်ရှူစွမ်းအင် သောက်တာက သီးသန့် ရိုမန်းတစ်ဆန်မှု တစ်ခုလား"

"မဟုတ်ဘူး၊ အသက်ရှူစွမ်းအင် ကလည်း နဂါးသွေးနဲ့ လုပ်ထားတာဆိုတော့ အကျိုးသက်ရောက်မှု ပိုကောင်းမယ်လို့ ထင်လို့"

"ငါ သိသားပဲ... အားးး၊ ရှင့်ခန္ဓာကိုယ်တောင် ခပ်ဖျော့ဖျော့ လင်းလာပြီ"

ယူးအီဟန်သည် သူ၏ ခန္ဓာကိုယ်ကို အသုံးပြု၍ စမ်းသပ်မှုများ ပြုလုပ်ရန် တွန့်ဆုတ်မနေခဲ့ပေ။

သွေးရောင်ရေများနှင့် ယူးအီဟန် တူညီသော

အလင်းရောင်ဖြင့် တောက်ပနေသည်ကို မြင်သောအခါ လီအယ်ရာ အော်ဟစ်လိုက်သော်လည်း၊ ယူးအီဟာန် ကိုယ်တိုင်ကတော့ အလွန်တည်ငြိမ်နေသည်။ သူသည် ရေဆန်ကို ဆန်တက်နေသော ဆယ်လ်မွန်ငါး တစ်ကောင်ကဲ့သို့ ခံစားနေရပါက၊ ယခုအချိန်တွင်တော့ ချောမွေ့စွာ ရွက်လွှင့်နေသော လှေတစ်စင်းကဲ့သို့ ခံစားနေရသည်။

'ဒါပေမဲ့ အဲဒါက ပြင်းထန်သောအဆိပ်ခုခံမှု နဲ့ မြင့်မားသောကျိန်စာခုခံမှု တွေ မတိုးတက်လာဘူးလို့ ဆိုလိုတာ မဟုတ်ဘူး၊ ဒီခံစားချက်က ထူးဆန်းတယ်'

သူ၏ ခန္ဓာကိုယ် အရည်ပျော်သွားသကဲ့သို့ ခံစားရသော နာကျင်မှုမှာလည်း ယာယီသော

ဖြစ်သည်။ မကြာမီမှာပင် ယူးအီဟန်သည် လုံးဝ လွတ်လပ်သွားသကဲ့သို့ ခံစားချက်မျိုးဖြင့် ပေါလောမျောနေသကဲ့သို့ ခံစားလိုက်ရသည်။

အချိန်မည်မျှ ကုန်ဆုံးသွားသည်မသိ၊ အပြောင်းအလဲအသစ်တစ်ခု ဖြစ်ပေါ်လာသည်။ ၎င်းမှာ ယူးအီဟန် လုံးဝ မမျှော်လင့်ထားသော၊ စောင့်ကြည့်ရန် မဆိုထားနှင့် လုံးဝ မျှော်လင့်မထားသော အပြောင်းအလဲတစ်ခုဖြစ်သည်။

'ဒါက တော်တော်လေး...'

နဂါးများ၏ နှလုံးသားများဖြင့် ဖန်တီးထားသော ရေစည်ပိုင်းကြီး၊ နဂါးသွေးနှင့် နတ်ဆိုးသွေးတို့ဖြင့် ပြုလုပ်ထားသော ရေချိုးရေ၊ သူသောက်နေသော အသက်ရှူစွမ်းအင်၊ နှင့် နောက်ဆုံးတွင် သူ၏ ခန္ဓာကိုယ်ထဲရှိ နဂါးသွေး

များ။

ထိုအစိတ်အပိုင်းများ အားလုံး ယူးအီဟန်၏ အတွင်း၌ အပြန်အလှန် အကျိုးသက်ရောက်နေစဉ်၊ ယခုအချိန်အထိ သူ သတိမထားမိခဲ့သော သေးငယ်သည့် အငွေ့အသက်လေးတစ်ခု ခေါင်းပြူထွက်လာသည်ကို သူ ခံစားလိုက်ရသည်။

'ဒါက ဘာဖြစ်နိုင်မလဲ၊ မီးရှ်နဲ့ ငါရဲ့စာချုပ်ကနေ ပေါ်လာတဲ့ အငွေ့အသက်များလား'

အဆိပ်နှင့် ကျိန်စာကြောင့် ဖြစ်ပေါ်သော နာကျင်မှုများကို ဂရုမစိုက်နိုင်တော့ပေ။ ယူးအီဟန်သည် မျက်လုံးများကို မှိတ်ကာ ထိုသေးငယ်သော ဧရိယာလေးတွင် ပေါ်ပေါက်လာသည့် သေးငယ်သော စွမ်းအားကို လိုက်လံဖမ်းဆီးရန် အာရုံစူးစိုက်လိုက်သည်။

ယူးအီဟာန်သည် ထိုစွမ်းအားကို ဤအဆင့်လောက်တွင်သာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် သူသည် ၎င်း၏ အရိပ်များကိုပင် မလိုက်နိုင်သေးသော်လည်း၊ ရေစည်ပိုင်းကြီးအတွင်းရှိ စွမ်းအင်များ၏ ပဲ့တင်ထပ်မှုက သူ့ကိုကူညီပေးနေသည်။ ပဲ့တင်ထပ်မှု ပိုမိုပြင်းထန်လာလေလေ သူ၏ ခန္ဓာကိုယ်က ပိုမိုတောက်ပလာလေလေဖြစ်သည်။

"အီဟာန်... အီဟာန်"

"ငါ ဒီမှာ"

"ရှင် ရုတ်တရက်ကြီး မျက်လုံးမှိတ်သွားတော့ ငါ စိတ်ပူသွားတာပဲ"

"... အဆင်ပြေပါတယ်၊ ကြည့်ရတာ အောင်မြင်သွားပုံပဲ"

ရေစည်ပိုင်းကြီး ကို ရိုးရှင်းသော ရေချိုးကန် အဖြစ် အသုံးပြုခဲ့စဉ်ကနှင့် လုံးဝ ကွာခြားသော ခံစားချက်ဖြစ်သည်။ ဤအရာကို မည်သည့် စကားလုံးဖြင့် အကောင်းဆုံး ဖော်ပြနိုင်မည်နည်း။ နိုးထလာခြင်းလား။ မဟုတ်ဘူး၊ အဲဒီလို ပြောဖို့အတွက် ရှေ့ဆက်ရမယ့် လမ်းက အရှည်ကြီး ကျန်သေးတယ်။ ဒီအရာက သာမန် စတုတ္ထ အဆင့် တစ်ယောက် ရနိုင်တဲ့ စွမ်းအားမျိုး မဟုတ်ဘူးလို့ သူ အလိုလို ခံစားမိတယ်။

"ဒါဆို အဆင့်မြင့်မြတ်သူ တစ်ပါးလား"

"ငါ ပြောသားပဲ၊ အဲဒါက လွယ်တဲ့ကိစ္စ မဟုတ်ပါဘူးလို့"

"အင်း... ငါလည်း အခု အဲဒါကို ခံစားမိတယ်"

"ဟင်"

နားလည်ရခက်သော စကားများကြောင့် လီ အယ်ရာ ခေါင်းစောင်းသွားသော်လည်း ယူးအီ ဟာန်က သူမကို ပြန်မဖြေပေ။ သူသည် အသက်ရှူ စွမ်းအင် ကို နောက်တစ်ငုံ ထပ်သောက်ကာ ပွဲတင်ထပ်မှုကို ပိုမိုမြှင့်တင်ရန်သာ ကြိုးစား နေသည်။

"အီဟာန်၊ ရှင့်ရဲ့ ပြင်းထန်သောအဆိပ်ခုခံမှု နဲ့ မြင့်မားသောကျိန်စာခုခံမှု လေ့ကျင့်တာ အဆင်ပြေတယ် မဟုတ်လား"

"အင်း... အဲဒါတွေက ဘေးထွက်ဆိုးကျိုးတွေ သက်သက်ပေမဲ့လေ"

"ဘေးထွက်ဆိုးကျိုး ဟုတ်လား၊ ဒါဆို ရှင် အဲဒီ ထဲ ဝင်ရတဲ့ ရည်ရွယ်ချက်က ဘာလဲ၊ ရှင် သွေး နှာရှူး နတ်ဆိုးကြီးလိုမျိုး တစ်ခုခု ပြောင်းလဲသွား

မှာတော့ မဟုတ်ပါဘူးနော်၊ ဟုတ်တယ်မလား၊ ကျေးဇူးပြုပြီး ငါ့ကို ပြောပါဦး"

လီအယ်ရာ ပိုမိုအထင်လွဲနေစဉ် ယူးအီဟန်က သူ၏ ခန္ဓာကိုယ်ကို ရေစည်ပိုင်းထဲသို့သာ နစ်မြုပ်ထားလိုက်သည်။ စွမ်းရည်နှစ်ခုကို လေ့ကျင့်ပြီးသွားလျှင်ပင် ဤသေွးထဲတွင် ဆက်လက်ရေချိုးနေရမည်ဟု သူ တွေးလိုက်ပြီး ထိုအတွေးကြောင့် ပြုံးလိုက်သည်။ လီအယ်ရာက ကြည့်ရင်း အော်ဟစ်လိုက်သည်။

"အဲဒီ မသက်ာစရာကောင်းတဲ့ အပြုံးကြီးက ဘာကြီးလဲ၊ ရှင် တစ်ခုခု ထူးဆန်းသွားရင် ငါ ငို မှာနော်"

"ငါ ဆလိုင်း တစ်ကောင်အဖြစ် ပြောင်းသွားရင် ကျေးဇူးပြုပြီး ဂရုစိုက်ပေးပါ"

"ရှင် အရမ်း ဆိုးတာပဲ"

ထိုအချိန်မှစ၍ တစ်နှစ် ကုန်ဆုံးသွားခဲ့သည်။

ယူးအီဟန်သည် ထိုအချိန်အတွင်း စွမ်းရည် အမျိုးမျိုးကို လေ့ကျင့်ခဲ့ပြီး၊ ကမ္ဘာမြေပေါ်ရှိ သတ္တဝါဆိုးများကို ပျံသန်းနိုင်သော ရဲတိုက်ဖြင့် သတ်ဖြတ်ကာ၊ အဆိပ်နှင့် ကျိန်စာများ ပြည့်နှက် နေသော သွေးများထဲတွင် သူ၏ ခန္ဓာကိုယ်ကို ရေချိုးခဲ့ပြီး၊ မိုးရွာပြီးနောက် ဝါးပင်များကဲ့သို့ ပေါက်ပွားလာသော သတ္တဝါဆိုးများအားလုံးကို သူ၏ အလင်းတန်းများဖြင့် မှုတ်ထုတ်ပစ်ခဲ့ သည်။

သူသည် အိပ်ပင်မအိပ်ဘဲ ကမ္ဘာမြေပေါ်တွင် လျှောက်သွားနေသော သတ္တဝါဆိုးများအားလုံး ကို သတ်ဖြတ်ခဲ့သဖြင့် သူ၏ စွမ်းရည်များ မ

တက်လာလျှင်သာ ထူးဆန်းပေလိမ့်မည်။ ပြင်းထန်သောအဆိပ်ခုခံမှု၊ မြင့်မားသောကျိန်စာ ခုခံမှု နှင့် ထူးကဲသောပြန်လည်ကုစားခြင်း တို့ကို အစောကြီးကတည်းက အမြင့်ဆုံးအဆင့်အထိ ကျွမ်းကျင်သွားခဲ့ပြီး၊ သေမင်းတမန် ကဲ့သို့သော အခြားစွမ်းရည်များမှာလည်း အမြင့်ဆုံးအဆင့် သို့ တဖြည်းဖြည်း နီးကပ်လာနေပြီဖြစ်သည်။

ပြဿနာကတော့ သူ မျှော်လင့်ထားသည့် အတိုင်း မီးနတ်ဘုရားမ၏ ကောင်းချီး ပင် ဖြစ်သည်။ တိုက်ပွဲဝင်တိုင်း မီးတောက်စွမ်းရည် ကို အသုံးပြု၍ သတ္တဝါဆိုးများကို တောက်ပစွာ မှုတ်ထုတ်ပစ်ခဲ့သော်လည်း ကောင်းချီးမင်္ဂလာက မကြာမီ ရောက်လာမည့်ပုံ မပေါ်ပေ။

ကောင်းချီးကို ရရှိရန် တိကျသော သတ်မှတ်

ချက်များကို မသိသော ယူးအိဟာန်အတွက် သူ လုပ်နိုင်သည်မှာ သူ၏ မီးတောက်များကို ဖြစ်နိုင် သမျှ နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုရန်သာ ဖြစ်ပြီး၊ အမှန်တကယ်လည်း သူသည် မှော် အင်ဂျင်နီယာပညာရပ် ဗဟုသုတ အပြည့်အဝကို အသုံးပြုကာ မှော်ပစ္စည်းများနှင့် ထောင်ချောက် အမျိုးမျိုးကို စမ်းသပ်ဖန်တီးပြီး ထာဝရ မီးတောက် များဖြင့် ဖုံးအုပ်ခဲ့သော်လည်း သူ မည်မျှပင် ရှန်းကန်ကြိုးစားစေကာမူ သတ်မှတ် ချက်များ ပြည့်မီလာမည့် အရိပ်အယောင် အနည်းငယ်ကိုမျှ မတွေ့ရပေ။ တကယ့်ကို စိတ်ပျက်စရာ ကောင်းတဲ့ ကိစ္စပါပဲ။

"ပန်းပဲနတ်ဘုရားရဲ့ ကောင်းချီးကို ရတုန်းက ဘာတွေ ဖြစ်ခဲ့တာလဲ"

"ဆောရီးပါ၊ ငါလည်း မသိဘူး"

"အင်းလေ... ငါလည်း မသိပါဘူး"

မှတ်တမ်းတင်ခံထားရတဲ့ နတ်ဘုရားတွေ တကယ်ပဲ မရှိကြတာများလား။ သူတို့ စိတ်ဝင်စားတဲ့ သူတွေကို ဘာသတ်မှတ်ချက်မှ မလိုဘဲ ဒီအတိုင်း ကောင်းချီးတွေ ပေးတတ်ကြတာများလား။

တခြားသူများ၏ စိတ်ဝင်စားမှုကို ရယူခြင်းပြိုင်ပွဲသာရှိပါက နောက်ဆုံးမှသာ ပန်းဝင်မည်ဟု ယူးအီဟန် ယုံကြည်ချက်ရှိသဖြင့်၊ ထိုစကားသာ မှန်ကန်ပါက သူသည် စတုတ္ထအဆင့်ကို လက်လျှော့ပြီး လမ်းကြောင်းသစ်တစ်ခု ရှာဖွေရန် စီစဉ်ထားသည်။

"မီးတောက်တွေရဲ့ စွမ်းအားက အဆုံးစွန်ကို

တောင် ကျော်လွန်သွားပြီလို့ ငါ ထင်တယ်၊ ဘာက ပြဿနာလဲ"

အဆင့် ၉၉ ရှိပြီး အမြင့်ဆုံးအဆင့်ရောက်ရန် နီးကပ်နေပြီဖြစ်သော မီးတောက်စွမ်းရည် သာမက၊ စွမ်းအားကို မြှင့်တင်ပေးနိုင်သော ထာဝရ မီးတောက် နှင့် နဂါးသွေး တို့လည်း ရှိသေးသည်။ အဲဒါကမှ အလုပ်မဖြစ်ရင် တခြားဘာ လုပ်ဖို့ လိုသေးလဲ။

ယူးအီဟာန်သည် မှော်ပညာနှင့် ဘာ အဆက်အသွယ်မှ မရှိသော်လည်း မီးမှော်ပညာကို တစ်နည်းနည်းဖြင့် သင်ယူချင်ခဲ့သော်လည်း၊ ကံမကောင်းစွာဖြင့် သူ၏ဘေးတွင် ရှိနေသူမှာ အယ်တာမဟုတ်ဘဲ လီအယ်ရာ ဖြစ်နေသည်။

ယူးအီဟာန်က လီအယ်ရာကို မျက်လုံးကျဉ်း၍

ကြည့်လိုက်သည်။ သူမကို စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့တစ်ခုအဖြစ်သာ သူ သတ်မှတ်ထားသော်လည်း တခြားကဏ္ဍများတွင် သူမ တကယ် အကူအညီမဖြစ်ပေ။ ဤအတိုင်းဆိုလျှင် အတွေးဝိညာဉ် တစ်ခုမျှသာဖြစ်သော အိုရိုချီ ပင်လျှင် သူမထက် ပို၍ အကူအညီဖြစ်ပေလိမ့်မည်။

သို့သော် လီအယ်ရာက သူ၏ အကြည့်ကို သတိထားမိပြီး နှုတ်ခမ်းဆူလိုက်သည်။

"အဲဒီအကြည့်တွေက ဘာအဓိပ္ပာယ်လဲ၊ ရှင် ရိုင်းရိုင်းစိုင်းစိုင်း တစ်ခုခု တွေးနေတာ မဟုတ်လား"

"မဟုတ်ပါဘူး၊ နင် အရမ်းလှတယ်လို့ တွေးနေတာပါ"

"တကယ်လား"

လီအယ်ရာ၏ မျက်နှာထား တောက်ပသွားသည်။ သူမ၏ အပြစ်အနာအဆာကင်းသော အပြုံးကို ရင်ဆိုင်ရချိန်တွင် သန့်စင်သွားသကဲ့သို့ ခံစားလိုက်ရသဖြင့်၊ ယူးအီဟန်သည် ပျံသန်းနိုင်သော ရဲတိုက်အောက်ရှိ မြေပြင်ဆီသို့ သူ၏ အကြည့်ကို အလျင်အမြန် လွှဲလိုက်သည်။ သူမ၏ အကြည့်ကို ရှောင်ရှားရုံသာမက သတ္တဝါဆိုးများကို ရှာဖွေရန်လည်း ဖြစ်သည်။

မီးနတ်ဘုရားမ၏ ကောင်းချီးမှာ ကြီးမားသော ရည်မှန်းချက်တစ်ခုဖြစ်ပြီး သတ္တဝါဆိုး အမဲလိုက်ခြင်းမှာ နေ့စဉ်ဘဝဖြစ်သည်။ သူ လုပ်စရာရှိသည်များကို အစွမ်းကုန် ကြိုးစားလုပ်ဆောင်နေပါက တစ်နေ့တွင် ထိုရည်မှန်းချက်သို့ ရောက်

ရှိသွားမည်ဖြစ်သည်။ ယူးအီဟန်သည် ထိုအချက်ကို ယုံကြည်ပြီး အမြဲတမ်း ထိုအတိုင်း လှုပ်ရှားခဲ့သည်။ ယခုလည်း မကွာခြားပေ။

"ဟီးဟီးဟီး"

"အင်းပါ... အင်းပါ"

သူ့ကို တွယ်ကပ်နေသော လီအယ်ရာကို ကိုင်တွယ်ဖြေရှင်းရင်း၊ ယူးအီဟန် အောက်သို့ ကြည့်လိုက်ချိန်တွင် တစ်ခုခုကို သတိပြုမိသွားသည်။

"အမြန်နှုန်း လျော့ကျလာတယ်"

"ဘာ အမြန်နှုန်းလဲ"

"သတ္တဝါဆိုးတွေ ပေါ်လာတဲ့ အမြန်နှုန်းလေ"

"အဲဒါ ကောင်းတဲ့ကိစ္စ မဟုတ်ဘူးလား၊ ရှင့်အတွက် ဖိအား ပိုနည်းသွားတာပေါ့"

"မဟုတ်ဘူး၊ ငါ့မှာ အဆင့်တင်ရမယ့် စွမ်းရည်တွေ အများကြီး ကျန်သေးတယ်"

သူ၏ စကားကို ကြားပြီးနောက် လီအယ်ရာ သက်ပြင်းတိုလေး ချလိုက်သည်။ အင်းလေ... ယူးအီဟန်က မာရသွန် ကို အပြေးပြိုင်ပွဲလို ပြေးနေတဲ့အခါ သူမ ဘာလုပ်နိုင်မှာလဲ။ ဘေးကနေ သူ့ကို စောင့်ကြည့်နေရုံကလွဲလို့ပေါ့။

"အရှိန်လျှော့လိုက်လို့ ဆိုးကျိုးတစ်ခုခု ဖြစ်လာမယ်လို့ ငါ မထင်ပါဘူး... ဟူး... ဒါဆို ရှင် ဘာလုပ်မလို့လဲ"

"ဝက်ပါတွေ ရှိသေးတယ်လေ၊ အပြင်က သတ္တဝါဆိုးတွေကို ရှင်းလင်းဖို့ အလုပ်များနေလို့ အခုချိန်ထိ အဲဒါတွေကို မထိခဲ့ပေမဲ့၊ ဝက်ပါတွေထဲမှာ တစ်နှစ်လုံး နေလာတဲ့ ကောင်တွေ

ကတော့ အဲဒီလောက် လွယ်မှာမဟုတ်ဘူး"

"ဒါဆို ရှင် အဲဒီထဲ ဝင်မလို့လား၊ ပျံ့သန်းနိုင်တဲ့ ရဲတိုက်ကြီးကရော ဘယ်လိုလုပ်မလဲ"

"ငါ လုပ်ထားတဲ့အရာကို မသုံးနိုင်ရင် ဆိုးမှာပေ့ါ၊ ဒါကြောင့်..."

"ဒါကြောင့်"

ဤအချိန်တွင် လီအယ်ရာ သတိထားမိသင့်သည်။ ယူးအီဟန်သည် သူမ မမျှော်လင့်ထားသောအရာကို နောက်တစ်ကြိမ် ထပ်မံလုပ်ဆောင်တော့မည်ကို။

ယူးအီဟန် ပြောလိုက်သည်။

"လီအယ်ရာ၊ 'နောက်ပေါက်' ဆိုတဲ့ စကားလုံးကို နင် ကြားဖူးလား"

(စာရေးသူ၏ မှတ်စု)

နောက်အခန်းမှာ ဒါကို ရှင်းပြသွားမှာဖြစ်ပေမဲ့၊ နောက်ပေါက် ဆိုတာ ပရိုဂရမ်ရေးဆွဲသူတွေက ပရိုဂရမ်ကို ပိုမိုလွယ်ကူစွာ ဝင်ရောက်နိုင်ဖို့ အတွက် ကုဒ် အပိုင်းအစတွေကို ရည်ညွှန်းလေ့ရှိပါတယ်။ အသုံးပြုသူ အထောက်အထား စိစစ်ဖို့ မလိုအပ်တဲ့အတွက်၊ ကိုယ်ရေးကိုယ်တာ ချိုးဖောက်မှုတွေနဲ့ ရာဇဝတ်မှုတွေအတွက် အရမ်းအသုံးဝင်ပါတယ်။ အခုခေတ်မှာတောင် လည်ပတ်မှုစနစ်တွေ ဒါမှမဟုတ် ပရိုဂရမ်တချို့မှာ နောက်ပေါက် တွေ ရှိနိုင်တယ်လို့ သံသယရှိနေကြဆဲပါ။

**အပိုင်း ( ၂၀၁ ) ပြီးဆုံး။**

***